# မြို့တော်ဝန် ဦးကျော်ဆန်း မဟာမုနိဘုရားကြီး ရေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် (မြစ်ငယ်)တိုးဂိတ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် လမ်းပိုင်းဝဲ၊ ယာ ပြုပြင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး





**မန္တလေး ဇူလိုင် ၃၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီး၌ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ မဟာမုနိဘုရားကြီးရေးမူမပျက် အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန်အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်၍ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မဟာမုနိဘုရားကြီးပြန်လည်ပြုပြင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် လုပ်ငန်းကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာအဖွဲ့နှင့်အတူ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ယခင်ဘိုးတော်ဘုရား(ဗဒုံမင်း)တည်ဆောက်ခဲ့သည့် မူလဂန္ဓကုဋီတိုက်နှင့်ဆက်စပ်အဆောက်အအုံ အနောက်ဘက်ခြမ်းပြိုကျမှုအား အစားထိုးတည်ဆောက်မည့် ပင်မတိုင်ခုနစ်တိုင်ကို RC ကွန်ကရစ်တိုင်တည်ဆောက်ရန် သံချိုသံကွေးလုပ်ငန်း၊ အောက်ခြေကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဆက်လက်၍ ၈၄ လမ်း၊ ၁၀၂ လမ်းနှင့် ၁၀၃ လမ်းကြားရှိ မဟာမုနိဘဏ္ဍာတော်ထိန်းအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာများ၊ လူနေဆိုင်ခန်းများ ထိခိုက်ပျက်စီးမှုအား စက်ယန္တရားများဖြင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း ယနေ့နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိအင်ဂျင်နီယာအဖွဲ့အား မှာကြားခဲ့သည်။

ထို့နောက်တစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အမရပူရမြို့နယ် (မြစ်ငယ်-ထုံးဘို)လမ်းဆုံအနီး (ရန်-မန်း)လမ်းမကြီးပေါ်ရှိ မန္တလေးမြို့အဝင်(မြစ်ငယ်)တိုးဂိတ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် လမ်းပိုင်းဝဲ၊ ယာ တိုးချဲ့ပြုပြင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မြစ်ငယ်တိုးဂိတ်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတစ်လျှောက် မြို့တော်စည်ပင်နယ်နိမိတ်အစဖြစ်သည့် (၃၉၂ မိုင် ၄ ဖာလုံ)အထိ စက်ယန္တရားများအသုံးပြု၍ အရှေ့ဘက်ခြမ်း၌ ၁၂ ပေခန့် အကျယ် တစ်လမ်းသွားလမ်း၊ အနောက်ဘက်ခြမ်းတွင် စက်ဘီး၊ ဆိုင်ကယ်လမ်းအပါအဝင်လေးလမ်းသွားလမ်းပြုလုပ်ရန်အတွက် တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းခွင်၌ အခြေခံအလွှာပြုပြင်ပြီး ကျောက်ပျက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လမ်းပခုံးသားအနားသတ်နေရာများကို ကျစ်လျစ်သိပ်သည်းမှုရှိအောင်တစ်ပါတည်းဆောင်ရွက်ပေးရန် လမ်းနှင့်မလွတ်ကင်းသည့် ဓာတ်တိုင်များကို အမြန်ဆုံးရွှေ့ပြောင်းရေးအတွက် သက်ဆိုင်ရာ လျှပ်စစ်ဌာနနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ကြရန်တို့ကို မြို့တော်စည်ပင်လမ်းတံတားဌာနမှ တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့အား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်က မြစ်ငယ် တိုးဂိတ်အဆောက်အအုံကို ခေတ်မီလှပပြီး မန္တလေး ပုံရိပ်ထင်ဟပ်စေမည့် ပုံစံဒီဇိုင်းဖြင့် တည်ဆောက်မည့် အစီအစဉ်များအား အဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူးနှင့်အဖွဲ့အား မှာကြားဆောင်ရွက်ပေးခဲ့ပြီးနောက် ဆက်စပ်လမ်းပိုင်းကုမ္ပဏီ၏ BOT လမ်းပိုင်းကို ယခုတိုးဂိတ်ပြုပြင်နေမှုနှင့်အတူ တစ်ပြိုင်တည်းပြီးစီးရေးအတွက် လမ်းပိုင်းတိုးချဲ့ဆောင်ရွက်ပြီးစီးမှုအား မြစ်ငယ်တံတားထိပ်တိုက်ကန်ခြံအထိ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ၆၂ လမ်းနှင့် သိပ္ပံလမ်းဆုံ မီးပွိုင့်တွင် တပ်ဆင်နိုင်ရန် Solar Panel တစ်စုံ လှူဒါန်း



**မန္တလေး ဇူလိုင် ၃၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့တွင်းအဓိကမီးပွိုင့်များတွင် အချက်ပြမီးများ ၂၄ နာရီအသုံးပြုနိုင်ရန် ဆိုလာစနစ်များ တပ်ဆင်၍ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မြို့တော်နေပြည်သူများကလည်း စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆိုလာမီးပွိုင့်များဖြစ်လာစေရေးအတွက် ပါဝင်ကူညီလှူဒါန်းပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက မန္တလေးမြို့တွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်သန်၍ အလှူရှင် မန္တလေးမြို့နေ ဦးစောသိန်းဦး+ဒေါ်ဝင်းဝင်းကြွယ် မိသားစုက ၆၂ လမ်းနှင့် သိပ္ပံလမ်းဆုံမီးပွိုင့်တွင် တပ်ဆင်နိုင်ရန် ငွေကျပ် ၁၃၅ သိန်းတန်ဖိုးရှိသော Solar Panel တစ်စုံအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ဝန်ရုံးခန်းမ၌ ပေးအပ်လှူဒါန်းရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် အဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူးတို့က လက်ခံရယူပြီး မြို့တော်ဝန်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါအလှူရှင်မိသားစုသည် ၃၅ လမ်းနှင့် ၅၈ လမ်းဆုံမီးပွိုင့်အတွက် Solar Panel တစ်စုံကို (ပထမ)အကြိမ်အဖြစ်လှူဒါန်းခဲ့ပြီး ယခု(ဒုတိယ)အကြိမ်မြောက်ဆက်လက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို မန်ချက်စတာစီးတီး ရယူသွားမည်ဟု စူပါကွန်ပျူတာ ခန့်မှန်း

**လန်ဒန် ဇူလိုင် ၃၁**

မကြာမီ စတင်တော့မည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို မန်ချက်စတာစီးတီးအသင်းကသာ ဆွတ်ခူးသွားနိုင်မည်ဖြစ်ကြောင်း



Sportscasting စူပါကွန်ပျူတာက ခန့်မှန်းခဲ့သည်။

မန်ချက်စတာစီးတီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ထားခြင်း မရှိသော်လည်း ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးသွားမည်ဖြစ်ပြီး ဒုတိယနေရာတွင် အာဆင်နယ်အသင်းက ရပ်တည်မည်ဖြစ်ကာ ဈေးကွက်အတွင်း ငွေကြေးအမြောက်အမြားသုံးစွဲထားသည့် လက်ရှိချန်ပီယံ လီဗာပူးအသင်းမှာမူ တတိယသာ ရရှိသွားမည်ဖြစ်ကြောင်း စူပါကွန်ပျူတာက ခန့်မှန်းခဲ့သည်။

Sportscasting စူပါကွန်ပျူတာ၏ ခန့်မှန်းချက်အရ တန်းတက်ကလပ်အသင်းများဖြစ်သည့် ဘန်လေ၊ ဆန်းဒါးလန်း၊ လိဒ်စ်အသင်းတို့ သုံးသင်းစလုံး တန်းပြန်ဆင်းရလိမ့်မည်ဟုလည်း ဖော်ပြခဲ့သည်။ (ဝဲပုံ)

ထို့ကြောင့် စူပါကွန်ပျူတာ ခန့်မှန်းချက်အရ မန်ချက်စတာစီးတီးအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## မန်ချက်စတာယူနိုက်တက်အသင်းက ဘုန်းမောက်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မန်ချက်စတာ ဇူလိုင် ၃၁**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဘုန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်အသင်းက ဘုန်းမောက်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၈မိနစ်တွင် ဟွိုင်လန်း၊ ပွဲချိန် ၂၅မိနစ်တွင် ဒေါ်ဂူ၊ ပွဲချိန် ၅၃မိနစ်တွင် ဒီယာလို၊ ပွဲချိန် ၇၂မိနစ်တွင် အီသန်ဝီလီယံစ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ (အပေါ်ပုံ)

မန်ချက်စတာယူနိုက်တက်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၄ရက်တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**

## ရိုဒရီဂိုမူနစ်စ်ကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၃၁**

နယူးကာဆယ်အသင်းသည် ဖူလ်ဟမ်အသင်းတိုက်စစ်မှူး ရိုဒရီဂိုမူနစ်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဖူလ်ဟမ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၆ ပွဲကစားပြီး



၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။


ဖူလ်ဟမ်အသင်းကလည်း ရိုဒရီဂိုမူနစ်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဖူလ်ဟမ်အသင်းထံမှ ရိုဒရီဂိုမူနစ်စ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (ဝဲပုံ) **(NGB)**

## ဆန်းဒါးလန်းအသင်းနှင့်အတူ လာမည့်ဘောလုံးရာသီသစ်တွင် ရလဒ်ကောင်းများရယူသွားမည်ဟု ရှာခါပြောကြား

**လန်ဒန် ဇူလိုင် ၃၁**

ကွင်းလယ်ကစားသမားသစ် ရှာခါက မိမိအနေဖြင့် လာမည့်



ဘောလုံးရာသီသစ်တွင် ဆန်းဒါးလန်းအသင်းနှင့်အတူ ရလဒ်ကောင်းများ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ (ဝဲပုံ)

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းမှ ဆန်းဒါးလန်းအသင်းသို့ သုံးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ကျောနံပါတ် (၃၄)ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ရှာခါသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ရှာခါက "ကျွန်တော် ပရီးမီးယားလိဂ်မှာ ပြန်လည်ကစားခွင့်ရမယ်ဆိုတော့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဆန်းဒါးလန်းအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ ပြီးတော့ ဒီအသင်းနဲ့အတူ လာမယ့် ဘောလုံးရာသီမှာ ရလဒ်ကောင်းတွေ ရယူသွားလိုပါတယ်"ဟု ပြောသည်။ **(NGB)**

## 2025 T-Mobile Polish Open ကွာတားဖိုင်နယ်အဆင့်သို့ Alina Korneeva တက်ရောက်

**လန်ဒန် ဇူလိုင် ၃၁**

ပိုလန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်မယ် Alina Korneeva တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Alina Korneeva သည် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဟန်ဂေရီတင်းနစ်မယ် Anna Bondar အား ၄-၆၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ (ယာပုံ)

2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Alina Korneeva နှင့် အန်ဒိုရာတင်းနစ်မယ် Victoria Jimenez Kasintseva တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**



## ဂျော်ရယ်လ်ဟာတိုကို ခေါ်ယူရန် ချဲလ်ဆီးအသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၃၁**

ချဲလ်ဆီးအသင်းသည် အေဂျက်စ်အသင်း နောက်ခံကစားသမား ဂျော်ရယ်လ်ဟာတိုကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ယခုရက်ပိုင်း



အတွင်း ဆေးစစ်မှုခံယူကာ ခုနစ်နှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဂျော်ရယ်လ်ဟာတိုသည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူလာခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ခြောက်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (ဝဲပုံ) **(NGB)**

## လူးဝစ်ဒီယက်ဇ် ဘိုင်ယန်မြူးနစ်အသင်းတွင် ကျောနံပါတ် (၁၄)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**မြူးနစ် ဇူလိုင် ၃၁**

တောင်ပံကစားသမားသစ် လူးဝစ်ဒီယက်ဇ်သည် ဘိုင်ယန်မြူးနစ်အသင်းတွင် ကျောနံပါတ် (၁၄) ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါ တောင်ပံကစား



သမားသည် လက်ရှိဈေးကွက်အတွင်းတွင် လီဗာပူးအသင်းမှ ဘိုင်ယန်မြူးနစ် အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၅ဒသမ ၅သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၈ပွဲကစားပြီး ၄၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ လူးဝစ်ဒီယက်ဇ်က "ကျွန်တော် ဘိုင်ယန်မြူးနစ်အသင်းမှာ ကျောနံပါတ် (၁၄)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ လာမယ့် ဘောလုံးရာသီမှာ အောင်မြင်မှုများစွာ ရယူသွားမှာပါ"ဟု ပြောသည်။ **(NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း ကစားသမား အစ်ဇီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* စီးရီးအေကလပ်အတ္တလန္တာအသင်းသည် အသင်း ကွင်းလယ်ကစားသမား အီဒါဆင်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။ **(NGB)**

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁-၈-၂၀၂၅ သောကြာနေ့ | ညနေ ၆:၃၀ နာရီ | ဝိဒ်ဒါဘရီမင်(ဂျာမနီ) - ဟော်ဖန်ဟိမ်း(ဂျာမနီ) |
| | ည ၈:၃၀ နာရီ | အော့စ်ဘတ်(ဂျာမနီ) - ပဲလေ့စ်(အင်္ဂလန်) |

